# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၇

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ကူညီထောက်ပံ့ပေးလျက်ရှိ

ဦးစွာ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လက်ရှိအခြေအနေတွင် ဆူပူအကြမ်းဖက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာသူများရှိနေပြီး ၎င်းတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စားဝတ်နေရေး အခက်အခဲများရှိနေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် တည်ငြိမ်အေးချမ်းရေးနှင့် ပုံမှန်အခြေအနေရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ယာယီနေရပ်စွန့်ခွာသူများ နေထိုင်စားသောက်ရေး အဆင်ပြေအောင် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း။

သို့သော် ကူညီထောက်ပံ့ပေးမှုများသည် ယာယီသာဖြစ်နိုင်ပြီး တည်ငြိမ်အေးချမ်းပြီး ကိုယ့်ဒေသကိုယ်ပြန်နိုင်သည့်အချိန်တွင် ပြန်ကြခြင်းဖြင့် အစစအရာရာအဆင်ပြေနိုင်ကြောင်း၊ နိုင်ငံတော်ကလည်း သက်ဆိုင်ရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် လိုအပ်သည့် ပြန်လည်ထူထောင်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ကိုယ့်ဒေသကိုယ် အဆင်ပြေစွာပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယာယီနေရပ်စွန့်ခွာသူများအနေဖြင့် ဌာနအလိုက် ဆောင်ရွက်ပေးနေမှုများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး သင့်လျော်သည့်အချိန်ကာလတွင် နေရပ်ပြန်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဆွေးနွေးချက်များကို အမျိုးသားအဆင့် ကော်မတီသို့ တင်ပြဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

သတင်းစဉ်

---



## ညောင်တုန်းမြို့နယ်၌ ယစ်မျိုးဆိုင်ရာအသိပညာပေး ရှင်းလင်းပွဲပြုလုပ်

ညောင်တုန်း မေ ၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ယစ်မျိုးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ယစ်မျိုးလိုင်စင်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်က ယစ်မျိုးဆိုင်များအနေဖြင့် ယစ်မျိုးလိုင်စင်အလိုက် ရောင်းချရမည့်အမျိုးအစားများ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ စည်းကမ်းချက်များနှင့်မလျော်ညီသည့် ယစ်မျိုးဆိုင်များအား အရေးယူနိုင်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည့် ယစ်မျိုးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ဓနုဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

ဓနုဖြူ မေ ၇

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ထိကွေ့ကျေးရွာအုပ်စု အိုင်ကြီးချောင်းကျေးရွာရှိ ဓမ္မာရုံ၌ ကျင်းပသည်။

### တက်ရောက်

ဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ဟင်္သာတမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကထိက ဦးစံဝင်းက သင်တန်းနှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းအား မေ ၇ ရက်မှ ဇွန် ၆ ရက်အထိ ရက် ၃၀ ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး



သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

---

## မြောင်းမြမြို့၌ ပန်းခင်းစီမံချက်(၃)ဖြင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူ

မြောင်းမြ မေ ၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသား ပြောင်းဝင်/ပြောင်းထွက်၊ မွေးတိုး/သေဆုံးဆောင်ရွက်ခြင်းနှင့် ဇီဝဗေဒဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို တောင်ဒီးကျေးရွာတွင် ယနေ့နံနက် ၉ နာရီခွဲက လက်ထောက်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး ဦးထွဋ်ထွဋ်ခန့် ဦးဆောင်သည့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

မြောင်းမြမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူလူထုများအား QR Code ပါသည့် ဂဏန်း ၁၀ လုံးပါ UID နံပါတ်ပါသည့်စာရွက် ပြန်လည်ထုတ်ပေးပြီးသူ ၃၁၅၇၁ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

---

■ စာမျက်နှာ ၉ မှ

ကြက်ခြေနီအသင်းသူ အသင်းသားတို့သည် စည်းလုံးညီညွတ်စွာဖြင့် စေတနာတရားကို ရှေ့တန်းတင်လျက် စေတနာ့ဝန်ထမ်းတာဝန်များကို လူသားချင်းစာနာထောက်ထားသောနှလုံးသားဖြင့် အမြဲတမ်း ကူညီဖေးမနေကြမည်ဖြစ်သည်။ အရေးကြုံလာတိုင်း အကူအညီလိုအပ်သူများထံသို့ အရောက်သွားပြီး ရန်သူမိတ်ဆွေမခွဲခြားဘဲ လူသားချင်းစာနာထောက်ထားမှုကို ရှေ့တန်းတင် ဆောင်ရွက်လျက်ရှိသည်ကို စံပြအနေဖြင့် ဖေးမကူညီကြမည်ဖြစ်ကြောင်းကို ၂၀၂၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်မှ ဖော်ညွှန်းထားခြင်းဖြစ်သည်။

ကြက်ခြေနီဟူသည်မှာ စေတနာ့ဝန်ထမ်းဖြစ်သည်။ လူသားအားလုံးအပေါ် မေတ္တာတရားအခြေခံ၍ လူသားချင်းစာနာထောက်ထားလျက် ကူညီဖေးမသည့် အဖွဲ့အစည်းဖြစ်သည်။ ရန်သူမိတ်ဆွေမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးသော အဖွဲ့အစည်းဖြစ်သည်။ အရေးကြုံလာသည်နှင့် ပြည်သူတို့၏အသက်အန္တရာယ်ကို အတတ်နိုင်ဆုံး ကယ်တင်ဆောင်ရွက်ပေးသော အဖွဲ့အစည်းဖြစ်သည်။ လူသားတိုင်းအပေါ်တွင် လူသားချင်းစာနာသောနှလုံးသားဖြင့်သာ ကြည့်ရှု၍ ကူညီကြသည်။ မီးဘေး၊ လေဘေး၊ ရေဘေး စသောသဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ပြည်သူများ၏ ရှေ့သို့ ဦးစွာရောက်ရှိ၍ တာဝန်ကျေပွန်ကြသော စေတနာ့ဝန်ထမ်းကြက်ခြေနီများပင် ဖြစ်သည်။

ယခုကာလ အပူရှိန်ပြင်းထန်သောအချိန်၌ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကြက်ခြေနီမောင်မယ်များက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ယခုနွေရာသီသင်တန်းများဖြစ်သော လူငယ်ကင်းထောက်သင်တန်း၊ "အ"သုံးလုံးအခြေခံသင်တန်း၊ ဂီတသင်တန်း၊ လူမှုဘဝဖူလုံရေးရည်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိသော MSMEs အရောင်းပြပွဲများ စသည်တို့တွင်လည်း ရာသီဥတုအခြေအနေအရ အသက်အန္တရာယ်ဖြစ်နိုင်သည့်အခြေအနေများကို ကယ်တင်နိုင်ရန်အတွက် လူသားချင်းစာနာထောက်ထားမှုကို ရှေးရှုလျက် ကြက်ခြေနီမောင်မယ်များက ကူညီဆောင်ရွက်ပေးလျက်ရှိပေသည်။ ရင်မှဖြစ်တည်သော အဖြူရောင်စိတ်ထား၊ ကိုယ်ချင်းစာတရားတို့ဖြင့်သာ ပြည်သူတို့အား ကူညီဖေးမသော စေတနာ့ဝန်ထမ်းများကို ပြည်သူတစ်ရပ်လုံးကလည်း စာနာမှုပြည့်ဝစွာဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန်လိုအပ်ပါသည်။

ထို့အပြင် လူငယ်များအတွက် နွေရာသီသင်တန်းများတွင်လည်း ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက ရှေးဦးပြုစုအတတ်ပညာများကို သင်ကြားပေးပြီး လူသားချင်းစာနာထောက်ထားမှုကို ရှေးရှုဆောင်ရွက်လျက်ရှိပေသည်။ သို့မှသာ လူသားချင်းစာနာထောက်ထားမှု ဟူသော ကိုယ်ချင်းစာတရားများ ကိန်းအောင်း၍ သာယာအေးချမ်းသော လူ့ဘောင်သစ်ကို ဖော်ကျူးနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် လူသားချင်းစာနာထောက်ထားမှုရှင်သန်ရေးအတွက် နှလုံးသားဖြင့် ကူညီကြသည့် ကြက်ခြေနီတို့အား လေးစားဂုဏ်ပြု၍ ၂၀၂၅ ခုနှစ် မေလ ၈ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုပါ၏။ ။